( ခ ) **တစ်သမတ်တည်းဖြစ်စေခြင်း။** စာချုပ်ဝင်နိုင်ငံအသီးသီး၌နိုင်ငံအချင်းချင်းသယ်ယူပို့ဆောင်ရေးနှင့်သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ဆောင်ရွက်ပုံလုပ်ငန်းစဉ်၊ ကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာ လမ်းညွှန်မှုများနှင့် ဥပဒေကျင့်သုံးမှုများတွင် တစ်သမတ်တည်းရှိရမည်၊

( ဂ ) **ရိုးရှင်းစေခြင်း။** စာချုပ်ဝင်နိုင်ငံများသည် နိုင်ငံအချင်းချင်း သယ်ယူပို့ဆောင်ရေးအတွက်လိုအပ်သော လုပ်ထုံးလုပ်နည်းများနှင့် လိုအပ်ချက်များကို အရိုးရှင်းဆုံး ဖြစ်အောင် ဆောင်ရွက်ကြရမည် ၊

(ဃ) **ပွင့်လင်းမြင်သာစေခြင်း။** စာချုပ်ဝင်နိုင်ငံများသည် လုပ်ငန်းလုပ်ကိုင်ရာတွင် အထောက်အကူပြုရမည့် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာ အသိပေးချက်များကို မည်သူမဆို လျင်လျင်မြန်မြန်၊ ရှင်းရှင်းလင်းလင်းနှင့် အလွယ်တကူရရှိစေရန် ဆောင်ရွက်ကြရမည်၊

( င ) **စွမ်းဆောင်ရည်ရှိစေခြင်း။** စာချုပ်ဝင်နိုင်ငံများသည် စာချုပ်ဝင်နိုင်ငံများ မှ / သို့ ကုန်ပစ္စည်းများ ပို့ဆောင်မှုလွယ်ကူချောမွေ့စေရန်အတွက် ထိရောက်ပြီးအကျိုးရှိသော နိုင်ငံအချင်းချင်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ ကြီးကြပ်ကွပ်ကဲမှုကိုဆောင်ရွက်ရမည်၊

( စ ) **အယူခံဝင်မှုများ။** စာချုပ်ဝင်များသည်သက်ဆိုင်ရာအာဏာပိုင်များကဆုံးဖြတ်ထားသည်များကိုပြန်လည်သုံးသပ်နိုင်ရန်အတွက် ထိရောက်သောယန္တရားတစ်ခု ထူထောင်ပေးရန် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး၊ ထိုအခွင့်အရေးကို အာဆီယံဒေသအတွင်း ပို့ဆောင်ရေးကိုစီစဉ်ဆောင်ရွက်ပေးသူ၊အသုံးပြုသူများကအလွယ်တကူရရှိစေရမည်၊

(ဆ) **အပြန်အလှန်ထောက်ပံ့ကူညီမှု။** အာဆီယံဒေသအတွင်း နိုင်ငံအချင်းချင်းသယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးတွင်ပါဝင်နေသည့်သက်ဆိုင်ရာ အဖွဲ့အစည်းများအကြား အစွမ်းကုန်ပူးပေါင်းဆောင်ရွက်မှုများနှင့် အပြန်အလှန်ထောက်ပံ့ကူညီမှုများ ဖြစ်ပေါ်နေစေရန် စာချုပ်ဝင်နိုင်ငံများက ကြိုးစားဆောင်ရွက်ရမည်။

## အပိုင်း(၁)

## အထွေထွေပြဋ္ဌာန်းချက်များ

## အပိုဒ် (၃)

## အဓိပ္ပါယ်ဖွင့်ဆိုချက်များ

ဤသဘောတူစာချုပ်အတွက်သာ အဓိပ္ပါယ်ဖွင့်ဆိုခြင်းဖြစ်ပါသည် -

(က) " **Cabotage** " ဆိုသည်မှာ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံ၏ နယ်မြေအတွင်း ကုန်တင်ပြီး အဆိုပါနိုင်ငံအတွင်း အခြားတစ်နေရာ၌ ကုန်ချရန်အလို့ငှာဆောင်ရွက်သော ကုန်စည်ပို့ဆောင်ရေးဖြစ်ပါသည်၊

( ခ ) " **Competent National Body** " ဆိုသည်မှာ စာချုပ်ဝင်နိုင်ငံတိုင်းတွင် နိုင်ငံအချင်းချင်းပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများ တရားဝင်မှတ်ပုံတင်နိုင်ရေးအတွက် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ရပ်ကို ဆိုလိုပါသည်၊

( ဂ ) " **Dangerous Goods**" ဆိုသည်မှာ သဘာဝပတ်ဝန်းကျင် ၊ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အမျိုးသားလုံခြုံရေး အကျိုးစီးပွါးကို ထိခိုက်စေနိုင်သော အရာဝတ္ထုများနှင့် ကုန်ပစ္စည်းများကို ဆိုလိုပါသည်၊

(ဃ) "အိမ်ရှင်နိုင်ငံ" ဆိုသည်မှာ သယ်ယူပို့ဆောင်မှုကို လက်ခံဆောင်ရွက်လျက်ရှိသည့် စာချုပ်ဝင် နိုင်ငံကိုဆိုလိုပါသည်၊

( င ) " နိုင်ငံအချင်းချင်းသယ်ယူပို့ဆောင်မှု" ဆိုသည်မှာ စာချုပ်ဝင်နိုင်ငံများမှ/ သို့ ကုန်စည်များ သယ်ယူပို့ဆောင်ခြင်းနှင့် ပို့ဆောင်ရေးယာဉ်များဖြင့် သွားလာခြင်း ဖြစ်ပါသည်၊

( စ ) " ပို့ဆောင်ရေးသုံးယာဉ်များ " ဆိုသည်မှာ ကူးတို့ရေယာဉ်ပေါ်ရှိ မော်တော်ယာဉ်အပါအဝင် လမ်းပေါ်တွင် သွားလာသည့် ယာဉ်များကို ဆိုလိုပါသည်၊

(ဆ) " ပျက်စီးပုပ်သိုးလွယ်သောပစ္စည်းများ " ဆိုသည်မှာ သေချာစွာ သယ်ဆောင်ခြင်း မပြုလျှင် အချိန်ကာလ၊ အပူချိန်၊ ပို့ဆောင်သွားလာမှုအစရှိသည့် အခြေအနေတစ်ခုခုကြောင့် အလွယ်တကူပျက်စီးစေနိုင်သည့် ကုန်ပစ္စည်းများကိုဆိုလိုပါသည်။ ထိုပစ္စည်းများတွင် လတ်ဆတ်သော သို့မဟုတ် အေးခဲထားသော ငါး၊ ဂဏန်း၊ ပုဇွန်စသည့်

အခွံမာသတ္တဝါများ၊ ကနုကမာ၊ ခရု စသည့် အခွံမာနှင့် အကောင်ပျော့သတ္တဝါများ၊ သစ်သီးများ၊ ဟင်းသီး ဟင်းရွက်များ၊ အေးခဲထားသော အသားများ သို့မဟုတ် ကြက်သား၊ ဘဲသားများ၊ နို့နှင့် နို့ထွက် ပစ္စည်းများ၊ ဥနှင့် ဥဖြင့်ပြုလုပ်ထားသော ပစ္စည်းများ၊ ဝက်သားနှင့် ဝက်သားဖြင့်ပြုလုပ်ထားသော ပစ္စည်းများပါဝင်ပါသည်၊

( ဇ ) "အတွင်းရေးမှူးချုပ်" ဆိုသည်မှာအရှေ့တောင်အာရှနိုင်ငံများအသင်း၏ အတွင်းရေး မှူးချုပ်ကို ဆိုလိုပါသည် ၊

( ဈ ) "ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ"ဆိုသည်မှာ ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများနှင့် ပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သည့် ကိုယ်စားလှယ်များကို ဆိုလိုပါသည်၊ အဆိုပါ ပုဂ္ဂိုလ်များသည်နိုင်ငံအချင်းချင်းပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန် မိမိနိုင်ငံ၏ ခွင့်ပြုချက်ပါမစ် (သို့မဟုတ်) လိုင်စင်ရှိရမည်ဖြစ်ပြီး၊ ထိုခွင့်ပြုချက်ပါမစ် (သို့မဟုတ်) လိုင်စင်တွင် ပြဋ္ဌာန်းထားသော စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ အားလိုက်နာကြောင်းသက်သေခံမှတ်တမ်းရှိရမည်။ ထို့အပြင်အဆိုပါပုဂ္ဂိုလ်များသည် စာချုပ်ဝင်နိုင်ငံများရှိ သက်ဆိုင်ရာ NTTCC (နိုင်ငံဖြတ်သန်း ကုန်စည်ပို့ဆောင်မှု ညှိနှိုင်းပေါင်းစပ်ရေးဦးစီးကော်မတီ) သို့မဟုတ် CNB (သက်ဆိုင်ရာအာဏာပိုင်အဖွဲ့ အစည်း) တွင် မှတ်ပုံတင်ထားသူဖြစ်ရမည်။

## အပိုဒ် (၄)

## အသုံးပြုနိုင်မှုနယ်ပယ်

ဤသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များအားလုံးသည် အာဆီယံနိုင်ငံအချင်းချင်း သယ်ယူ ပို့ဆောင်ရေးအတွက် အသုံးပြုနိုင်ပါသည်။ သို့သော် စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံ၏ နယ်မြေအတွင်း ကုန်တင်ပြီး အဆိုပါနိုင်ငံအတွင်း အခြားတစ်နေရာ၌ ကုန်ချရန်အလို့ငှာဆောင်ရွက်သော ကုန်စည် ပို့ဆောင်ရေးကို ဤစာချုပ်အရ ဆောင်ရွက်ခွင့်မပြုပါ။

## အပိုဒ် (၅)

## ပေးအပ်ရမည့်အခွင့်အရေးများ

၁။ ဤသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များအရ စာချုပ်ဝင်နိုင်ငံတိုင်းသည် ကျန်စာချုပ်ဝင် နိုင်ငံများအား နိုင်ငံအချင်းချင်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ အောက်ပါအခွင့်အရေးများကို ပေးအပ် ရမည် -

(က) စာချုပ်ဝင်နိုင်ငံ တစ်နိုင်ငံအတွင်း၌ တရားဝင်တည်ထောင်ဖွဲ့စည်းထားသည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများကို အခြားစာချုပ်ဝင်နိုင်ငံတစ်နိုင်ငံ၏ နယ်မြေအတွင်း သို့မဟုတ် နယ်မြေမှ ကုန်စည်များသယ်ယူပို့ဆောင်ခွင့် ၊

( ခ ) စာချုပ်ဝင်နိုင်ငံများသို့ပို့သော (သို့မဟုတ်) စာချုပ်ဝင်နိုင်ငံများမှ လာသောကုန်စည်များအား ကုန်တင်/ ကုန်ချခွင့်၊

၂။ ဤစာချုပ်ပါ ပြဋ္ဌာန်းချက်များအရ စာချုပ်ဝင်နိုင်ငံများသည် နိုင်ငံအချင်းချင်းသယ်ယူပို့ဆောင်ရေးအတွက် လိုအပ်သောအထောက်အကူများကို ဖြည့်ဆည်းစီစဉ်ပေးရန် ကြိုးပမ်းဆောင်ရွက်ရမည်။

၃။ နိုင်ငံအချင်းချင်း သယ်ယူပို့ဆောင်မှုတွင် စာချုပ်ဝင်အိမ်ရှင်နိုင်ငံ၏ သက်ဆိုင်ရာ ဥပဒေနှင့် စည်းကမ်းများဖြင့်ကိုက်ညီပါက မလိုလားအပ်သောနှောင့်နှေးမှု(သို့မဟုတ်) တားမြစ် ကန့်သတ်ချက်များ မရှိစေရပါ။

## အပိုင်း(၂)

## နိုင်ငံအချင်းချင်း သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ နှင့် နယ်စပ်စခန်းများ သတ်မှတ်ခြင်း

## အပိုဒ် (၆)

## နိုင်ငံအချင်းချင်း ပို့ဆောင်ရေးလမ်းကြောင်းများနှင့် အထောက်အကူများ

၁။ စာချုပ်ဝင်နိုင်ငံများသည် အာဆီယံနိုင်ငံဖြတ်သန်းကုန်စည်ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး မူဘောင်သဘောတူစာချုပ်အောက်ရှိ ၂၀၀၇ခုနှစ်၊ ဖေဖော်ဝါရီလ (၈)ရက်နေ့တွင် ဘန်ကောက်မြို့၌ လက်မှတ်ရေးထိုးခဲ့သည့် အခြေပြစာချုပ်ငယ်(၁)၊ "နိုင်ငံဖြတ်သန်းပို့ဆောင်ရေး လမ်းကြောင်းများ နှင့် အထောက်အကူများသတ်မှတ်ခြင်း" ၌ သတ်မှတ်ထားသော ပို့ဆောင်ရေးလမ်းကြောင်းများ စာရင်းအား ဤသဘောတူစာချုပ်၏ နိုင်ငံအချင်းချင်း သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများနှင့် အထောက်အကူများ အဖြစ်သတ်မှတ်ရန် သဘောတူကြသည်။

၂။ စာချုပ်ဝင်နိုင်ငံများသည် သတ်မှတ်ထားသောနိုင်ငံအချင်းချင်း ပို့ဆောင်ရေးလမ်းကြောင်းများအား ပြင်ဆင်ခြင်းနှင့်/ သို့မဟုတ် တိုးချဲ့ခြင်းများကို အခါအားလျော်စွာ အဆိုပြုနိုင်သည်။ စာချုပ်ဝင်နိုင်ငံ တစ်နိုင်ငံမှ အဆိုပြုသည့် ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်းများသည် စာချုပ်ဝင်အိမ်နီးချင်းနိုင်ငံ (သို့မဟုတ်) နိုင်ငံများ၏ အပြန်အလှန် သဘောတူညီချက်အရ ဖြစ်ရမည်။ ပြင်ဆင်ပြောင်းလဲမှုများကို အာဆီယံအတွင်းရေးမှူးချုပ်ထံသို့ ပေးပို့ရမည်။

၃။ အန္တရာယ်ကင်းရှင်းစေရေးအတွက် စာချုပ်ဝင်နိုင်ငံများသည် မိမိနယ်မြေအတွင်း သတ်မှတ်ထားသည့် လမ်းကြောင်းတစ်လျှောက်ရှိ သင့်လျော်ရာနေရာများတွင် ယာဉ်ရပ်နားစခန်းများကို သတ်မှတ်ထားရှိရန် ကြိုးပမ်းဆောင်ရွက်ရမည်။

## အပိုဒ် (၇)

## နယ်စပ်စခန်းများနှင့် အထောက်အကူများ

၁။ စာချုပ်ဝင်နိုင်ငံများသည်“အာဆီယံနိုင်ငံဖြတ်သန်းကုန်စည်ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးမူဘောင်သဘောတူစာချုပ်”အောက်ရှိအခြေပြစာချုပ်ငယ်(၂)၊"နယ်စပ်စခန်းနေရာများသတ်မှတ်ခြင်း" ပါနယ်စပ်စခန်းများကိုပင် ဤသဘောတူစာချုပ်၏ နယ်စပ်စခန်းများအဖြစ်သတ်မှတ်ရန် သဘောတူကြသည်။

၂။ စာချုပ်ဝင်နိုင်ငံများသည် သတ်မှတ်ထားသည့် နယ်စပ်စခန်းနေရာများအား ပြင်ဆင်ခြင်း နှင့်/ သို့မဟုတ် တိုးချဲ့ခြင်းများကို အခါအားလျော်စွာ အဆိုပြုနိုင်သည်။ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံမှ အဆိုပြုသည့် ပြင်ဆင်ခြင်း/ ပြောင်းလဲခြင်းများသည် စာချုပ်ဝင်အိမ်နီးချင်းနိုင်ငံ(သို့မဟုတ်) နိုင်ငံများ၏ အပြန်အလှန် သဘောတူညီချက်အရဖြစ်ရမည်။ ပြင်ဆင်ပြောင်းလဲမှုများကို အာဆီယံအတွင်းရေးမှူးချုပ်ထံသို့ ပေးပို့ရမည်။

၃။ စာချုပ်ဝင်နိုင်ငံများသည် နိုင်ငံအချင်းချင်းသယ်ယူပို့ဆောင်ရေး လမ်းကြောင်းများဖြတ်သန်းမည့် နယ်စပ်စခန်းနေရာများတွင် လုံလောက်သော အထောက်အကူများနှင့်လိုအပ်သည့် အဆောက်အဦးများစီစဉ်ပေးရမည်။

၄။ စာချုပ်ဝင်နိုင်ငံများသည် အောက်ပါတို့ကို ကြိုးပမ်းဆောင်ရွက်ရမည် -

(က) ဤသဘောတူစာချုပ်အရသယ်ယူပို့ဆောင်ရေးယာဉ်များနှင့်ကုန်ပစ္စည်းများရှင်းလင်းခြင်း၊ စစ်ဆေးခြင်းကို လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် စစ်ဆေးခြင်းဆိုင်ရာ လိုအပ်ချက်များကို အခြားစာချုပ်ဝင်နိုင်ငံများနှင့် နီးကပ်စွာရှိသော နယ်စပ်စခန်းများတွင် နိုင်ငံဆိုင်ရာ တရားစီရင်ခွင့်အာဏာအတွင်း စီစဉ်ထားရှိရမည်။ သို့မှသာ ကုန်တင်၊ ကုန်ချ အကြိမ်ကြိမ် ဆောင်ရွက်ရခြင်းကို ရှောင်ရှားနိုင်ပါမည်။ စာချုပ်ဝင်နိုင်ငံများမှ တာဝန်ရှိသူများသည် စာချုပ်ဝင်နှစ်နိုင်ငံ(သို့မဟုတ်) နှစ်နိုင်ငံထက်ပို၍ တစ်နေရာတည်းတွင် ပူးတွဲစစ်ဆေးခြင်းမျိုးကို တားဆီးမှုမရှိစေရ၊

( ခ ) လူဝင်မှုကြီးကြပ်ရေး၊ အကောက်ခွန်၊ ကျန်းမာရေးနှင့်နိုင်ငံခြားငွေလဲလှယ်မှုထိန်းချုပ်ခြင်းအစရှိသည့်နယ်စပ်တွင် လုပ်ဆောင်ရမည့်ကိစ္စများအား လျင်မြန်စွာပြီးစီးစေရေးအတွက် လုံလောက်သော လူအင်အားအရင်းအမြစ်များထားရှိဆောင်ရွက်ရန် ၊

( ဂ ) ကပ်လျက်ရှိသည့် နယ်စပ်စခန်းများ၏ အလုပ်ချိန်နာရီကို ညှိနှိုင်းဆောင်ရွက်ရန် ၊

(ဃ) အစစ်ဆေးခံရန် စောင့်ဆိုင်းနေသော ကုန်သေတ္တာများနှင့် မော်တော်ယာဉ်များ ရပ်နားရန်အတွက် လုံလောက်သောနေရာများကို အဆင်ပြေသည့်နေရာတိုင်း၌ စီစဉ်ဆောင်ရွက်ပေးရန် ၊

၅။ ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ ( ၂၁ )ရက်နေ့၌ ဂျီနီဗာမြို့တွင် လက်မှတ်ရေးထိုးခဲ့သော အပြည်ပြည်ဆိုင်ရာသဘောတူညီချက်ဖြစ်သည့် ''Harmonization of Frontier Cortrol of Goods''ပါပြဋ္ဌာန်းချက်များအတိုင်း၊စာချုပ်ဝင်နိုင်ငံများအနေဖြင့်သယ်ယူပို့ဆောင်သောကုန်ပစ္စည်းများအတွက် လိုအပ်သည့် နယ်စပ်စခန်းအထောက်အကူများအား ဆောင်ရွက်ပေးရမည်။

## အပိုင်း(၃)

## ကုန်းလမ်းပို့ဆောင်ရေးအတွက် အထွေထွေသတ်မှတ်ချက်များ

### အပိုဒ် (၈)

### ယာဉ်သွားလာမှုဆိုင်ရာ စည်းကမ်းများ

စာချုပ်ဝင်နိုင်ငံများသည် ၁၉၆၈ ခုနှစ်၊ နိုဝင်ဘာလ(၈)ရက်တွင် ဗီယင်နာ၌လက်မှတ်ရေးထိုးခဲ့ကြသည့်ယာဉ်သွားလာမှုဆိုင်ရာကွန်ဗင်းရှင်းနှင့် လမ်းညွှန်နှင့်အချက်ပြများဆိုင်ရာကွန်ဗင်းရှင်းပါစည်းမျဉ်းများအတိုင်းလိုက်နာ၍ မိမိတို့နယ်မြေအတွင်း ကုန်းလမ်းသွားလာမှုစည်းမျဉ်းများအား လိုက်လျောညီထွေရှိရန် သင့်လျော်သည့် အစီအစဉ်များကို ကြိုးပမ်းဆောင်ရွက်ရမည်။

### အပိုဒ် (၉)

### နိုင်ငံအချင်းချင်း သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း

၁။ စာချုပ်ဝင်နိုင်ငံတိုင်းသည် ဤသဘောတူစာချုပ်၏စည်းမျဉ်း(၅)နှင့်အညီ ၎င်းတို့၏နယ်မြေအတွင်းနိုင်ငံအချင်းချင်းသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများအားအထောက်အပံ့ဖြစ်စေရန် အခြားစာချုပ်ဝင်နိုင်ငံများတွင်မှတ်ပုံတင်ထားသည့်ပို့ဆောင်ရေးယာဉ်များကိုအသုံးပြုခွင့်ပြုရမည်။

၂။ စာချုပ်ဝင်နိုင်ငံများသည် နိုင်ငံအချင်းချင်း သယ်ယူပို့ဆောင်ရေးအတွက် ခွင့်ပြုထားသော မော်တော်ယာဉ်စီးရေကိုစာချုပ်ဝင်နိုင်ငံတစ်နိုင်ငံလျှင်စီးရေ(၅၀၀)ထက်မပိုရန် သဘောတူကြသည်။ ထို့ပြင်နိုင်ငံအချင်းချင်း သယ်ယူပို့ဆောင်ရေးယာဉ်စီးရေနှင့်ပတ်သက်၍ စာချုပ်ဝင်နိုင်ငံများအကြား အခါအားလျော်စွာ ဆွေးနွေးသွားရမည်။

၃။ အာဆီယံနိုင်ငံဖြတ်သန်း ကုန်စည်ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးမူဘောင် သဘောတူ စာချုပ်အောက်ရှိ၊ ၁၉၉၈ခုနှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့၌ ဟန္နိုင်းမြို့တွင် လက်မှတ်ရေးထိုး ခဲ့သည့်အခြေပြစာချုပ်ငယ်(၃)၊"မော်တော်ယာဉ်အမျိုးအစားနှင့်အရေအတွက်"၏ စည်းမျဉ်း(၄)တွင် ဖော်ပြထားသည့် ယာဉ်စီးရေနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်မှလွဲ၍ ကျန်ပြဋ္ဌာန်းချက်များကို ဤသဘောတူစာချုပ်တွင် အသုံး ပြုရမည်။

## အပိုဒ် (၁၀)

## ကုန်းလမ်းပို့ဆောင်ရေးပါမစ်များ

နိုင်ငံအချင်းချင်း သယ်ယူပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးအလို့ငှာ ကုန်းလမ်းပို့ဆောင်ရေး ပါမစ်များအတွက် လိုအပ်သောသတ်မှတ်ချက်များ လိုက်လျောညီထွေဖြစ်ရန် စာချုပ်ဝင်နိုင်ငံများက တာဝန်ယူရမည်။

## အပိုဒ် (၁၁)

## မော်တော်ယာဉ်များအတွက် နည်းပညာဆိုင်ရာလိုအပ်ချက်များ

နိုင်ငံအချင်းချင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အသုံးပြုသောပို့ဆောင်ရေးယာဉ်များ သည်အာဆီယံနိုင်ငံဖြတ်သန်းကုန်စည်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးမူဘောင်သဘောတူ စာချုပ် အောက်ရှိ ၁၉၉၈ခုနှစ်၊ စက်တင်ဘာလ (၁၅)ရက်နေ့၌ ဟန္နိုင်းမြို့တွင် လက်မှတ်ရေး ထိုးခဲ့သော အခြေပြစာချုပ်ငယ်(၄)၊"မော်တော်ယာဉ်များအတွက်နည်းပညာဆိုင်ရာလိုအပ်ချက်များ" တွင်သတ်မှတ် ထားသည့် ယာဉ်အတိုင်းအတာ၊ အများဆုံးခွင့်ပြုအလေးချိန်နှင့် ဝန်အလေးချိန်၊ မီးခိုးထုတ်လွှတ်မှု စံနှုန်းနှင့်စသည့်နည်းပညာဆိုင်ရာသတ်မှတ်ချက်များနှင့်ကိုက်ညီရမည်။

## အပိုဒ် (၁၂)

## ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ်များအား

## အပြန်အလှန်အသိအမှတ်ပြုခြင်း

၁။ စာချုပ်ဝင်နိုင်ငံများသည်မိမိတို့၏နိုင်ငံအတွင်းမှတ်ပုံတင်ထားသောနိုင်ငံအချင်းချင်းသယ်ယူပို့ဆောင်ရေးတွင်အသုံးပြုသည့် မော်တော်ယာဉ်များအား ပုံမှန်စစ်ဆေးခြင်းကိုဆောင်ရွက်ရမည်။

၂။ စာချုပ်ဝင်နိုင်ငံများသည် ၁၉၉၈ခုနှစ်၊ စက်တင်ဘာလ(၁၀)ရက်နေ့၌ စင်္ကာပူနိုင်ငံတွင် လက်မှတ်ရေးထိုးခဲ့သည့်"အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင်ထုတ်ပေးသော ခရီးသည်နှင့်ကုန်တင်ယာဉ်များအတွက် ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်များအား အပြန်အလှန်အသိအမှတ်ပြုရေး သဘောတူညီချက်"ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခြားစာချုပ်ဝင်နိုင်ငံများမှ နိုင်ငံအချင်းချင်း သယ်ယူပို့ဆောင်ရေးတွင် အသုံးပြုရန်ထုတ်ပေးထားသောယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်များကို အသိအမှတ်ပြုရမည်။

## အပိုဒ် (၁၃)

## ယာဉ်မောင်းလိုင်စင်များအား အပြန်အလှန် အသိအမှတ်ပြုခြင်း

စာချုပ်ဝင်နိုင်ငံများသည် ၁၉၈၅ခုနှစ်၊ဇူလိုင်လ(၉)ရက်နေ့၌ ကွာလာလမ်ပူမြို့တွင် လက်မှတ်ရေးထိုးခဲ့ကြသည့် "အာဆီယံအဖွဲ့ဝင်နိုင်ငံများမှထုတ်ပေးသော ပြည်တွင်းယာဉ်မောင်းလိုင်စင်များအားအပြန်အလှန်အသိအမှတ်ပြုခြင်းသဘောတူညီချက်"အရ၊နိုင်ငံအချင်းချင်းသယ်ယူပို့ဆောင်ရေးလုပ်ကိုင်ရန်အတွက် အခြားစာချုပ်ဝင်နိုင်ငံများမှထုတ်ပေးသော ပြည်တွင်းယာဉ်မောင်းလိုင်စင်များကို အပြန်အလှန်အသိအမှတ်ပြုရမည်။

## အပိုဒ် (၁၄)

## အာဆီယံ၏မထားမနေရ မော်တော်ယာဉ် အာမခံ အစီအစဉ်

၁။ အခြားစာချုပ်ဝင်နိုင်ငံများ၏ ပိုင်နက်အတွင်း သွားလာသည့်မော်တော်ယာဉ်သည် အိမ်ရှင်နိုင်ငံ၏ လိုအပ်ချက်နှင့်ကိုက်ညီသော မထားမနေရ မော်တော်ယာဉ် အာမခံအစီအစဉ်ကို လိုက်နာဆောင်ရွက်ရမည်။

၂။ စာချုပ်ဝင်နိုင်ငံများသည်၊အာဆီယံနိုင်ငံဖြတ်သန်းကုန်စည်ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးမူဘောင်သဘောတူစာချုပ်အောက်ရှိ ၂၀၀၁ ခုနှစ်၊ ဧပြီလ (၈)ရက်နေ့တွင် ကွာလာလမ်ပူမြို့၌ လက်မှတ်ရေးထိုးခဲ့သည့် အခြေပြစာချုပ်ငယ် (၅)၊ "အာဆီယံ၏မထားမနေရ မော်တော်ယာဉ် အာမခံအစီအစဉ်" တွင် သတ်မှတ်ထားသော ပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်ရန် သဘောတူကြသည်။

## အပိုဒ် (၁၅)

## အခကြေးငွေနှင့် အခြားငွေကြေးဆိုင်ရာ ပေးဆောင်ရမည့်တာဝန်များ

စာချုပ်ဝင်နိုင်ငံများသည် ပို့ဆောင်ရေးယာဉ်များအပေါ်တွင် အခကြေးငွေများနှင့် အခြားငွေကြေးဆိုင်ရာတာဝန်ခံမှုများနှင့်ပတ်သက်၍ ရှင်းလင်းစေရန်၊ ကျစ်လစ်စေရန်နှင့်လိုက်လျောညီထွေမှု ရှိစေရန်ကြိုးပမ်းဆောင်ရွက်ကြရမည်။

## အပိုဒ် (၁၆)

## မော်တော်ယာဉ်များ ယာယီဝင်ထွက်ခွင့်ပြုခြင်း

စာချုပ်ဝင်နိုင်ငံများသည် အခြားဆက်စပ်နေသည့်အခြေအနေနှင့် ပြန်လည်ထွက်ခွာရမည့် သတ်မှတ်ချက်များအရအခြားစာချုပ်ဝင်နိုင်ငံနယ်မြေ၌မှတ်ပုံတင်ထားသည့်မော်တော်ယာဉ်များအား (သင့်လျော်သောပမာဏရှိသည့် ဆီတိုင်ကီတွင်ပါရှိသည့် စက်သုံးဆီ၊ချောဆီ၊ယာဉ်ပြုပြင်ထိန်းသိမ်းရန် လိုအပ်သောပစ္စည်းများ၊ယာဉ်အပိုပစ္စည်းများ)အပါအဝင်ယာယီဝင်ရောက်ခွင့်ပြုရမည်ဖြစ်ပြီးအဆိုပါ မော်တော်ယာဉ်နှင့်ပစ္စည်းများအပေါ် သွင်းကုန်အခွန်အခ၊ အကောက်ခွန်အာမခံစပေါ်ငွေပေးသွင်းခြင်း၊ သွင်းကုန်တားမြစ်ချက်နှင့် ကန့်သတ်ချက်များကို ကင်းလွတ်ခွင့်ပေးရမည်။

## အပိုင်း(၄)

## အကောက်ခွန်ကန့်သတ်ထိန်းချုပ်ခြင်း၊ အပင်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ သန့်ရှင်းရေးနှင့် ရောဂါပိုးမွှား ကင်းစင်စေရေး အစီအမံများ

## အပိုဒ် (၁၇)

## အကောက်ခွန်ဆိုင်ရာလုပ်ငန်းစဉ်များ လိုက်လျောညီထွေ ဖြစ်စေရေးနှင့် ရိုးရှင်းလွယ်ကူစေခြင်း

၁။ စာချုပ်ဝင်နိုင်ငံများသည် နိုင်ငံအချင်းချင်း သယ်ယူပို့ဆောင်ရေးဆိုင်ရာ အကောက်ခွန် ထိန်းချုပ်မှုလုပ်ငန်းစဉ်များအား ရိုးရှင်းလွယ်ကူစေရန်နှင့် အကောက်ခွန်အဖွဲ့အစည်းများတွင် ကျင့်သုံးသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများဖြင့်လိုက်လျောညီညွတ်မှုရှိရန်ဆောင်ရွက် ထား ရမည်။

၂။ စာချုပ်ဝင်နိုင်ငံများသည် သတ်မှတ်ထားသည့်နယ်စပ်စခန်းများ၌ နိုင်ငံအချင်းချင်း သယ်ယူပို့ဆောင်ရေးဆိုင်ရာ နှစ်နိုင်ငံအကောက်ခွန်ပူးတွဲ စစ်ဆေးမှုကို လွယ်ကူချောမွေ့အောင် ဆောင်ရွက် ရမည်။

## အပိုဒ် (၁၈)

## အပင်နှင့်တိရိစ္ဆာန်ထွက် ပစ္စည်းများ သန့်ရှင်းမှုနှင့် ရောဂါပိုးမွှားကင်းစင်စေရေး အစီအမံများ ဆောင်ရွက်ခြင်း

စာချုပ်ဝင်နိုင်ငံများသည် မိမိတို့နိုင်ငံမှလည်းကောင်း၊ မိမိတို့နိုင်ငံသို့လည်းကောင်း၊ ကုန်စည်သယ်ယူပို့ဆောင်ရာတွင် လွယ်ကူချောမွေ့စေရန်နှင့် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတွင် ကျင့်သုံး နေသည့်ဥပဒေများ/စည်းမျဉ်း၊ စည်းကမ်းများနှင့်ကိုက်ညီမှုရှိစေရန် အာဆီယံနိုင်ငံဖြတ်သန်းပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးမူဘောင်သဘောတူစာချုပ်အောက်ရှိ ၂၀၀၀ပြည့်နှစ်၊ အောက်တိုဘာလ(၂၇) ရက်နေ့တွင် ဖနွမ်းပင်မြို့၌လက်မှတ်ရေးထိုးခဲ့သောအခြေပြစာချုပ်ငယ်(၈)၊ "အပင်နှင့်တိရိစ္ဆာန်ထွက် ပစ္စည်းများသန့်ရှင်းရေးနှင့် ရောဂါပိုးမွှားကင်းစင်ရေးအစီအမံများ"ပါ ပြဋ္ဌာန်းချက်များအရ ရောဂါပိုးမွှားကင်းစင်ရေး အစီအမံများကို ဆောင်ရွက်သွားရန် သဘောတူကြသည်။

## အပိုင်း(၅)

## အထွေထွေ ပြဋ္ဌာန်းချက်များ

## အပိုဒ် (၁၉)

## နိုင်ငံအချင်းချင်း သယ်ယူပို့ဆောင်ရေးတွင် အန္တရာယ်ရှိသော ကုန်ပစ္စည်းများအတွက် အထူးပြဋ္ဌာန်းချက်များ

အာဆီယံနိုင်ငံဖြတ်သန်း ကုန်စည်ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး မူဘောင်သဘောတူစာချုပ်အောက်ရှိ ၂၀၀၂ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့တွင် ဂျကာတာမြို့၌လက်မှတ်ရေးထိုးခဲ့သည့် အခြေပြစာချုပ်ငယ်(၉)၊ "အန္တရာယ်ရှိသောကုန်ပစ္စည်းများ"တွင် ဖော်ပြထားသည့်အတိုင်း နိုင်ငံအချင်းချင်းသယ်ယူပို့ဆောင်ရေးတွင်စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံ၏အထူးခွင့်ပြုချက်မရှိဘဲ၎င်း၏နယ်မြေအတွင်း အန္တရာယ်ရှိသောကုန်ပစ္စည်းများ သယ်ယူပို့ဆောင်မှုအား ဤသဘောတူစာချုပ်တွင်ခွင့်မပြုပါ။

## အပိုဒ် (၂၀)

## တားမြစ်/ကန့်သတ်ကုန်ပစ္စည်းများပို့ဆောင်မှုဆိုင်ရာ အထူးပြဋ္ဌာန်းချက်များ

ဤသဘောတူစာချုပ်တွင် နိုင်ငံအချင်းချင်းတားမြစ်ခြင်းနှင့်/သို့မဟုတ်ကန့်သတ်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းကိုခွင့်မပြုပါ။

## အပိုဒ် (၂၁)

## ပုပ်သိုး/ပျက်စီးလွယ်သော ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ အထူးပြဋ္ဌာန်းချက်များ

ဤသဘောတူစာချုပ်ပါပြဋ္ဌာန်းချက်များအရ စာချုပ်ဝင်နိုင်ငံများသည် နိုင်ငံအချင်းချင်း ပုပ်သိုး/ပျက်စီး လွယ်သောကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် လွယ်ကူချောမွေ့စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်။

## အပိုဒ် (၂၂)

## ပိုမိုကောင်းမွန်သော အထောက်အကူပြုဆိုင်ရာ ပြဋ္ဌာန်းချက်များ

စည်းမျဉ်းများနှင့် သဘောတရားများသည် ဤသဘောတူစာချုပ်ပါအခြေခံစည်းများနှင့် တစ်တမတ် တည်းရှိနေသည့် ကာလပတ်လုံး ဤသဘောတူစာချုပ်ပါအထောက်အကူများထက် ပိုမိုကောင်းမွန် သည့်အထောက်အကူဆိုင်ရာများကိုရုပ်သိမ်းခြင်းမပြုရပါ။စာချုပ်ဝင်နိုင်ငံများအကြားနှောင်တစ်ချိန် တွင် သဘောတူနိုင်သည့် ယခုထက်ပိုမိုကောင်းမွန်သောအထောက်အကူများ ဆောင်ရွက်ပေးခြင်းကို လည်း ဤစာချုပ်မှ ဟန့်တားခြင်းမရှိစေရ။

## အပိုဒ် (၂၃)

## ပြည်တွင်းဥပဒေပြုခြင်း

၁။ ဤသဘောတူစာချုပ်၌ဖော်ပြထားသည့်ကိစ္စရပ်များမှတစ်ပါးစာချုပ်ဝင်နိုင်ငံများ၏ ကုန်စည် သယ်ဆောင်မှုနှင့်စပ်လျဉ်းသော ပြည်တွင်းဥပဒေနှင့်စည်းမျဉ်းများသည် နိုင်ငံအချင်းချင်းကုန်စည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက်ခွဲခြားမှုမရှိစေဘဲ တန်းတူညီမျှသက်ရောက်စေရမည်။

၂။ စာချုပ်ဝင်နိုင်ငံများသည် ဤသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံအချင်းချင်း သယ်ယူပို့ဆောင်ရေးနှင့်သက်ဆိုင်သော မိမိနိုင်ငံ၏ဥပဒေ၊နည်းဥပဒေများ၊စည်းမျဉ်းများ၊အုပ်ချုပ်မှု ဆိုင်ရာလုပ်ငန်းစဉ်များကိုရိုးရှင်းလွယ်ကူစေရန်နှင့်လိုက်လျောညီထွေဖြစ်စေရန်ဆောင်ရွက်ကြရမည်။

## အပိုဒ် (၂၄)

## နိုင်ငံတော်ဥပဒေများကို လိုက်နာခြင်း

ဤသဘောတူစာချုပ်အပါအဝင် စာချုပ်ဝင်နိုင်ငံများအကြား ချုပ်ဆိုထားသော အခြား စာချုပ်များတွင် သီးခြားပြဋ္ဌာန်းချက်များမှလွဲ၍ အောက်ပါတို့ကိုလိုက်နာရမည်-

(က) အခြားစာချုပ်ဝင်နိုင်ငံတစ်နိုင်ငံမှ လူနှင့်ကုန်စည်များအပါအဝင် ပို့ဆောင်ရေးယာဉ်သည် ၎င်းရောက်ရှိနေသည့်နိုင်ငံ၏ တည်ဆဲဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်၊

( ခ ) မည်သည့်စာချုပ်ဝင်နိုင်ငံမဆို ၎င်းနိုင်ငံအတွင်းရှိ ပို့ဆောင်ရေးယာဉ်များအပေါ် ပြဋ္ဌာန်းကျင့်သုံးနေသည့် ပြည်တွင်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများထက် ပိုမိုတင်းကြပ်သော သတ်မှတ်ချက်များကို၊ အခြားစာချုပ်ဝင်နိုင်ငံများ၏ လူပုဂ္ဂိုလ်အပေါ်တွင်လည်းကောင်း (သို့မဟုတ်) ကုန်စည်အပေါ်တွင်လည်းကောင်း သတ်မှတ်ပြဋ္ဌာန်းခြင်း မပြုရ၊

( ဂ ) ဤသဘောတူစာချုပ် (သို့မဟုတ်) ပြည်တွင်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်ကျူးလွန်သည့်ပုဂ္ဂိုလ်၊ ယာဉ်မောင်း၊ ပို့ဆောင်ရေးလုပ်ကိုင်သူ၊ပို့ဆောင်ရေးယာဉ်တို့အား မိမိနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုခြင်းကို ယာယီ(သို့မဟုတ်) အမြဲတမ်းငြင်းဆိုနိုင်သည်။

## အပိုဒ် (၂၅)

## ပွင့်လင်းမြင်သာစေခြင်း

၁။ စာချုပ်ဝင်နိုင်ငံများသည် ဤစာချုပ်နှင့်၄င်း၏အခြေပြစာချုပ်ငယ်များအရ နိုင်ငံအချင်းချင်းကုန်စည်ပို့ဆောင်မှုလွယ်ကူချောမွေ့စေမည့် သက်ဆိုင်ရာဥပဒေ၊နည်းဥပဒေ၊စည်းမျဉ်းများနှင့်ႇ အုပ်ချုပ်မှု ဆိုင်ရာလုပ်ငန်းစဉ်များကိုပွင့်လင်းစွာနှင့်အလွယ်တကူသိရှိနားလည်နိုင်စေရန် ဆောင်ရွက်ရမည်။

၂။ အထက်ဖော်ပြပါကိစ္စရပ်နှင့်ပတ်သက်၍စာချုပ်ဝင်နိုင်ငံများသည်၎င်းတို့၏ဥပဒေများ၊ စည်းမျဉ်းများနှင့်အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို အာဆီယံအတွင်းရေးမှူးရုံးသို့ သဘောတူစာချုပ်သက်ဝင်ပြီး (၆)လထက်နောက်မကျစေဘဲ တင်ပြရမည်။

၃။ အကယ်၍ အထက်ဖော်ပြပါ စာရွက်စာတမ်းများသည် အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုထားခြင်းမရှိပါက ၎င်းတို့၏အင်္ဂလိပ်ဘာသာပြန်ဆိုချက်ကို သဘောတူစာချုပ် သက်ဝင်ပြီးနောက်တစ်နှစ်အတွင်း တင်ပြရမည်။

## အပိုဒ် (၂၆)

## ယာဉ်မတော်တဆထိခိုက်မှုများအတွက် အကူအညီပေးရေး

စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံမှ နိုင်ငံအချင်းချင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သည့် လူနှင့်ကုန်စည်များပါဝင်သော ပို့ဆောင်ရေးယာဉ်သည် အခြားစာချုပ်ဝင်နိုင်ငံ၏ နယ်နိမိတ်အတွင်း ယာဉ်မတော်တဆမှုဖြစ်ပွားပါက၊ အဆိုပါနိုင်ငံသည် မော်တော်ယာဉ်၊ လူပုဂ္ဂိုလ်များနှင့် ကုန်စည်များအတွက် လိုအပ်သောအကူအညီများကို တတ်နိုင်သမျှပေးရမည်ဖြစ်ပြီး၊ သက်ဆိုင်ရာစာချုပ်ဝင်နိုင်ငံ၏ အာဏာပိုင်များသို့လည်း အမြန်ဆုံးအသိပေးအကြောင်းကြားရမည်။

## အပိုင်း (၆)

## အဖွဲ့အစည်းတည်ထောင်ဖွဲ့စည်းမှုများ

## အပိုဒ် (၂၇)

## အဖွဲ့အစည်းတည်ထောင်ဖွဲ့စည်းမှု

၁။ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၆)ရက်နေ့တွင် ဟနွိုင်းမြို့၌ လက်မှတ်ရေးထိုးခဲ့သည့် အာဆီယံနိုင်ငံဖြတ်သန်းကုန်စည်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး မူဘောင်သဘောတူစာချုပ်၏ စည်းမျဉ်း (၂၉) အရ တည်ထောင်ဖွဲ့စည်းပြီးဖြစ်သည့် NTTCC (နိုင်ငံဖြတ်သန်းကုန်စည်ပို့ဆောင်မှုညှိနှိုင်းပေါင်းစပ်ရေးဦးစီးကော်မတီ)သည်ဤသဘောတူစာချုပ်အားအကောင်အထည်ဖော်ခြင်းနှင့်ပူးပေါင်းညှိနှိုင်းမှုကိစ္စရပ်များဆောင်ရွက်ရန် တာဝန်ရှိပါသည်။

၂။ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၆)ရက်နေ့တွင် ဟန္နိုင်းမြို့၌ လက်မှတ်ရေးထိုးခဲ့သည့် အာဆီယံနိုင်ငံဖြတ်သန်း ကုန်စည်ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး မူဘောင်သဘောတူစာချုပ်၏ စည်းမျဉ်း (၂၉)အရ တည်ထောင်ဖွဲ့စည်းခဲ့သည့်TTCB (ဖြတ်သန်းပို့ဆောင်မှုညှိနှိုင်းဆောင်ရွက်ရေးဘုတ်အဖွဲ့) သည် ဤသဘောတူစာချုပ်အား ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းကို ကြီးကြပ်ကွပ်ကဲရမည်။ ၎င်းဘုတ်အဖွဲ့သည် ဤစာချုပ်အကောင်အထည်ဖော်ခြင်းကိစ္စနှင့် ပတ်သက်၍ အခြားသော အာဆီယံပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်းများထံမှ အကူအညီကို ဖိတ်ခေါ်ရယူနိုင်သည့် အခွင့်အာဏာရှိသည်။

၃။ TTCB (ဖြတ်သန်းပို့ဆောင်မှုညှိနှိုင်းဆောင်ရွက်ရေးဘုတ်အဖွဲ့)သည် ဤစာချုပ်အကောင်အထည်ဖော်မှုအတွက် ပုံမှန်အစီရင်ခံစာကို ပြုစုရမည်ဖြစ်ပြီး၊ သီးခြားကိစ္စရပ်များအတွက် လိုအပ်ပါကသင့်လျော်သည့် လမ်းညွှန်ချက်များကို သက်ဆိုင်ရာအာဆီယံဝန်ကြီးများအဖွဲ့ထံမှ ရယူဆောင်ရွက်ရမည်။

၄။ ဤသဘောတူစာချုပ်အရဆောင်ရွက်ရမည့် TTCB ( ဖြတ်သန်းပို့ဆောင်မှုညှိနှိုင်းဆောင်ရွက်ရေး ဘုတ်အဖွဲ့)၏လုပ်ငန်းများနှင့်တာဝန်ဝတ္တရားများကို အာဆီယံအတွင်းရေးမှူးရုံးမှထောက်ပံ့ကူညီ ရမည်ဖြစ်ပြီး အထူးသဖြင့် စာချုပ်အကောင်အထည်ဖော်ခြင်းဆိုင်ရာ တိုးတက်မှုများအား အစီရင်ခံခြင်း၊ ကြီးကြပ်ခြင်းစသည့်ကိစ္စရပ်များတွင်ကူညီဆောင်ရွက်ရမည်။ ထို့အပြင်အာဆီယံအတွင်းရေးမှူးရုံး သည်ရှေ့လုပ်ငန်းစဉ်များချမှတ်ရာတွင်
အထောက်အကူဖြစ်စေရန်အတွက်အကဲဖြတ်အစီရင်ခံစာများ ကို TTCB သို့ တင်ပြရမည်။

## အပိုင်း (၇)

## အပြီးသတ်ဖော်ပြချက်များ

### အပိုဒ် (၂၈)

### အငြင်းပွားမှုဖြေရှင်းခြင်း

ဤသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ အငြင်းပွားမှုများပေါ်ပေါက်ပါက ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ (၂၉)ရက်နေ့တွင် လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ လက်မှတ်ရေးထိုးခဲ့သည့် အာဆီယံ အငြင်း ပွားမှု ဖြေရှင်းရေးနည်းလမ်းစာချုပ်နှင့် ပြင်ဆင်ချက်များအရ ဆောင်ရွက်ရမည်။

### အပိုဒ် (၂၉)

### အခြားသဘောတူညီချက်များတွင်အကျိုးသက်ရောက်မှု

ဤသဘောတူစာချုပ် (သို့မဟုတ်) ဤသဘောတူစာချုပ်အရ ပြုလုပ်သည့် မည်သည့် ဆောင်ရွက်ချက်မဆို ယခင်ကတည်းက စာချုပ်ဝင်နိုင်ငံများ ပါဝင်ခဲ့သော တည်ဆဲသဘောတူ စာချုပ်များ (သို့မဟုတ်) အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများအရ ရရှိသည့်အခွင့်အရေးများနှင့် တာဝန်များအပေါ် အကျိုးသက်ရောက်မှုမရှိစေရ။

### အပိုဒ် (၃၀)

### အကောင်အထည်ဖော်ရေးအစီအစဉ်များ

၁။ ဤသဘောတူစာချုပ်အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်နိုင်ငံထက်ပိုသော၊ နိုင်ငံအများစုဖြစ်သော(သို့မဟုတ်) ဒေသခွဲအလိုက်ကိုအခြေခံ၍ အဆင့်သင့်ဖြစ်နေသော နှစ်နိုင်ငံ (သို့မဟုတ်) ယင်းထက်ပိုသောစာချုပ်ဝင်နိုင်ငံများသည် ASEAN-X ဖော်မြူလာကိုအသုံးပြုပြီး အကောင်အထည်ဖေါ်ရေး သဘောတူစာချုပ်များ/အစီအစဉ်များကိုညှိနှိုင်းခြင်း၊ အဆုံးသတ်ခြင်း

လက်မှတ်ရေးထိုးနိုင်ခြင်းတို့ဆောင်ရွက်နိုင်ပါသည်။ အဆင်သင့်မဖြစ်သေးသော စာချုပ်ဝင်နိုင်ငံများ သည်နောင်အဆင့်သင့်ဖြစ်သည့်အချိန်တွင်ပါဝင်ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်။

၂။ ဤသဘောတူစာချုပ်တွင် ညွှန်းဆိုထားသည့် အာဆီယံနိုင်ငံဖြတ်သန်း ကုန်စည်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်၏ အခြေပြစာချုပ်ငယ်များနှင့် ၄င်းအခြေပြစာချုပ်ငယ် များပြင်ဆင်ချက်သည် အာဆီယံနိုင်ငံအချင်းချင်း သယ်ယူပို့ဆောင်ရေးသဘောတူညီချက်အပေါ် သက်ရောက်ရမည်။ ထိုပြုပြင်ထားရှိသည့်အခြေပြစာချုပ်ငယ်များသည်အဓိကဆိုလိုရင်းကိုမပျောက် စေဘဲ ဤသဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ်ယူဆရမည်။

၃။ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံစီနှင့်သက်ဆိုင်သည်မှာ သက်ဆိုင်ရာနိုင်ငံအတွက် အခြေပြစာချုပ် ငယ်များ၏အကျိုးသက်ရောက်မှုသည် အာဆီယံအတွင်းရေးမှူးချုပ်သို့ ၎င်းအခြေပြစာချုပ်ငယ်များ အားအတည်ပြုကြောင်း(သို့) လက်ခံကြောင်း ပေးပို့သည့်နေ့ရက် (သို့မဟုတ်) ဤသဘောတူစာချုပ် အား လက်ခံကြောင်း (သို့) အတည်ပြုကြောင်း ပေးပို့သည့်နေ့ရက်တို့တွင် နောက်ကျရာနေ့ရက်မှ စတင်၍ အကျိုးသက်ရောက်မည်။

## အပိုဒ် (၃၁)

## အပြီးသတ်ပြဋ္ဌာန်းချက်များ

၁။ ဤသဘောတူစာချုပ်သည် စာချုပ်ဝင်နိုင်ငံများက အတည်ပြုခြင်း (သို့မဟုတ်) လက်ခံခြင်း အရ ဆောင်ရွက်ရမည်။

၂။ အတည်ပြုလက်ခံကျင့်သုံးကြောင်းစာကို အာဆီယံအတွင်းရေးမှူးချုပ်ထံသို့ ပေးပို့ရမည် ဖြစ်ပြီး၊ ၎င်းကအဆိုပါပေးပို့ချက်ကိုအဖွဲ့ဝင်နိုင်ငံများသို့ ချက်ချင်းအသိပေးအကြောင်းကြားရမည်။

၃။ ဤသဘောတူစာချုပ်သည် ဒုတိယအကြိမ်အတည်ပြုကြောင်း (သို့မဟုတ်)လက်ခံကြောင်း စာ ပေးပို့ပြီးချိန်မှ (ဆိုလိုသည်မှာ အဖွဲ့ဝင်နိုင်ငံနှစ်နိုင်ငံမှ လက်ခံအတည်ပြုကြောင်းပြန်ကြားပြီးပါက (သို့မဟုတ်) လက်ခံကြောင်းစာပေးပို့ပြီးချိန်မှ) ရက်(၃၀) ပြည့်မြောက်ချိန်တွင် စတင်သက်ဝင်သည်။ ထိုသို့သက်ဝင်ခြင်းသည်အတည်ပြုပြီး(သို့မဟုတ်)လက်ခံပြီးသည့်စာချုပ်ဝင်နိုင်ငံများအကြားတွင်သာ သက်ဆိုင်စေရမည်။ စာချုပ်ဝင်နိုင်ငံတိုင်းအတွက်လည်း ဤသဘောတူစာချုပ်ကိုအတည်ပြုကြောင်း (သို့မဟုတ်) လက်ခံကြောင်းစာပေးပို့ပြီးနောက် ရက်(၃၀)ပြည့်မြောက်သည့်နေ့ရက်တွင် စတင် သက်ဝင်စေရမည် ။

၄။ ဤစာချုပ်အားလက်မှတ်ရေးထိုးချိန်တွင်ဖြစ်စေ၊ အတည်ပြုပြန်ကြားချိန်တွင်ဖြစ်စေ၊ လက်ခံကျင့်သုံးချိန်တွင်ဖြစ်စေ မည်သည့်ချန်လှပ်ခြင်းကိုမျှမပြုလုပ်ရ။

၅။ ဤသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များအား ပြင်ဆင်ချက်တိုင်းသည် စာချုပ်ဝင်နိုင်ငံအားလုံး၏ သဘောတူညီချက်အရသာဆောင်ရွက်ရမည်။

ဤအကြောင်းအချက်၏ သက်ဆိုင်ရာအစိုးရများမှ တရားဝင်အာဏာအပ်နှင်းထားသည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များမှ (အာဆီယံနိုင်ငံအချင်းချင်း သယ်ယူပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးမူဘောင်သဘောတူညီစာချုပ်ကို) လက်မှတ်ရေးထိုးပြီးဖြစ်သည် -

အင်္ဂလိပ်ဘာသာဖြင့် မူရင်းတစ်စုံကို၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၀ရက် နေ့၌ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် လက်မှတ်ရေးထိုးဆောင်ရွက်ပြီးဖြစ်သည်။

For Brunei Darussalam:

....................................

**PEHIN DATO ABU BAKAR APONG**

Minister of Communications

For the Kingdom of Cambodia

…..................................

**TAUCH CHANKOSAL**

Minister of Public Works and Transport

For the Republic of Indonesia:

....................................

**JUSMAN SYAFII DJAMAL**

Minister for Transpiration

For the Lao People’s Democratic Republic:

....................................

**SOMMAD PHOLSENA**

Minister of Public Works & Transport

For Malaysia:

....................................

**DATO'SRI ONG TEE KEAT**

Minister of Transport

For the Union of Myanmar:

………………………………

**MAJOR GENERAL THEIN SWE**

Minister for Transport

For the Republic of the Philippines၊

………………………………

**LEANDRO R. MENDOZA**

Secretary of Transportation and Communications

For the Republic of Singapore:

………………………………

**RAYMOND LIM**

Minister for Transport

For the Kingdom of Thailand:

………………………………

**SOPHOM ZARAM**

Minister of Transport

For the Socialist Republic of Viet Nam:

………………………………

**HO NGHIA DZUNG**

Minister of Transport